MILWAUKEE PUBLIC SCHOOLS

5225 W. Vliet Street
Milwaukee, WI 53208
feedback@milwaukee.k12.wi.us

# 2020 REFERENDUM
# မေးလေ့မေးထရှိသော မေးခွန်းများ

## အဆိုပြုထားသော ဆန္ဒခံယူပွဲ ဆိုသည်မှာ အဘယ်နည်း။

အဆိုပြုထားသော ဆန္ဒခံယူပွဲအနေဖြင့် Milwaukee အစိုးရကျောင်းများ (MPS) အတွက် အခွန်ကန့်သတ်ချက်ဆိုင်ရာ မြှင့်တင်မှုတစ်ခုကို ရှာဖွေရန် ဖြစ်ပါသည်။ အသေးစိတ်ပြောရပါက ဆန္ဒခံယူပွဲသည် မဲဆန္ဒရှင်များအား စုစုပေါင်း $87 မီလီယံ အတွက် ဝင်ငွေကန့်သတ်ချက်အား တိုးမြှင့်ရေးကို မေးမြန်းသွားမည်ဖြစ်သည်။

## ဝင်ငွေကန့်သတ်ချက်ဆိုသည်မှာ အဘယ်နည်း။

1993 ခုနှစ်တွင် Wisconsin ဥပဒေပြုအဖွဲ့အစည်းက ခရိုင်တစ်ခု အနေဖြင့် နှစ်စဉ်နှစ်တိုင်း အထွေထွေ ပြည်နယ် အထောက်အပံ့နှင့် ဒေသတွင်း အခွန် စည်းကြပ်မှုများမှ ကန့်သတ်ဝင်ငွေ ရယူသွားရန် ပြဋ္ဌာန်းခဲ့ပါသည်။ ခရိုင်တစ်ခုအတွက် ကန့်သတ် ဝင်ငွေသည် အထွေထွေ ပြည်နယ် အထောက်အပံ့နှင့် ဒေသတွင်း အခွန် စည်းကြပ်မှုများမှ ရရှိနိုင်သည့် ခရိုင်တစ်ခု၏ အများဆုံးငွေကြေးပမာဏ တစ်ခု ဖြစ်ပါသည်။ ကန့်သတ်ဝင်ငွေအနေဖြင့် နောက်ဆက်တွဲ အခွန်စည်းကြပ်မှု ဘဏ္ဍာငွေ လိုအပ်သည့် ကွာဟမှုကို ဖြည့်ဆည်းနိုင်ပါသည်။ ကျောင်းခရိုင်တစ်ခုအနေဖြင့် မဲဆန္ဒရှင်များက အတည်ပြုသည့် ဆန္ဒခံယူပွဲ မှတစ်ဆင့် ကန့်သတ်ဝင်ငွေကို ကျော်လွန်နိုင်ပါသည်။

## ဆန္ဒခံယူပွဲသည် အဘယ်ကြောင့် လိုအပ်ပြီး အဘယ်ကြောင့် ယခု ဆောင်ရွက်ရသနည်း။

ကျောင်းခရိုင်များအား ၎င်းတို့ အသုံးပြုနိုင်သည့် ပမာဏကို ပြည်နယ်က ကန့်သတ်ထားပါသည်။ MPS ၏ ဝင်ငွေများကို 2010-11 ခုနှစ်ကတည်းက ရပ်တန့်ထားပါသည်။ ပြီးခဲ့သည့် ဆယ်နှစ်တာကာလအတွင်း နေထိုင်မှုကုန်ကျစရိတ် မြင့်တက် လာသည်ကို မိသားစုတိုင်း သိရှိပြီးဖြစ်ပါသည်။ MPS အတွက်လည်း အမှန်တကယ် ဖြစ်ပါသည်။ ကျောင်းသား/သူများအား အကောင်းဆုံးသော ပညာရေးဆိုင်ရာ အတွေ့ အကြုံများ ထောက်ပံ့ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်စေသည့် မြင့်တက် လာသည့်ကုန်ကျငွေများအတွက် ဝင်ငွေမှာ ထောက်ကူနိုင်ခြင်း မရှိပါ။ အသုံးစရိတ်တိုးမြှင့်ခြင်းအတွက် တစ်ခုတည်းသော ရွေးချယ်မှုမှာ မဲဆန္ဒ ရှင်များကို ဆန္ဒခံယူပွဲ ပြုလုပ်သွားရန် ဖြစ်သည်။ ပြီးခဲ့သည့် 25 နှစ်တာကာလအတွင်းပြည်နယ်၏ ကျောင်းခရိုင် 421 မှ 400 သည်လည်း ထိုသို့ ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။

## MPS အနေဖြင့် ဆန္ဒခံယူပွဲကို မည်သည့်အချိန်က နောက်ဆုံးပြုလုပ်ခဲ့သနည်း။

MPS အနေဖြင့် ဆန္ဒခံယူပွဲကို နောက်ဆုံးပြုလုပ်ခဲ့သည့်နှစ်မှာ 1993 ခုနှစ်ဖြစ်ပါသည်။ ၎င်းသည် နှစ်ပေါင်း 25 နှစ်ကြာမှ MPS အနေဖြင့် ဆန္ဒခံယူပွဲကို ပထမဆုံး အကြိမ် ပြန်လည်ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အဆိုပါ ဆယ်စုနှစ်နှစ်ခုအတွင်း ယခုဧရိယာအတွင်းရှိ အခြားခရိုင်များ နှင့် ပြည်နယ်အနေဖြင့် ဆန္ဒခံယူပွဲလုပ်ဆောင်ပြီး ဝင်ငွေကန့်သတ်ချက် တိုးမြှင့် ဆောင်ရွက်ခဲ့ကြပါသည်။



အပ်ဒိတ်ပ်ပြုလုပ်သည့်နေရက်မှာ *2020* ပြည့်နှစ်၊ ဇန်နဝါရီလ *23* ရက်၊ ကြာသပတေးနေ့ ဖြစ်သည်။

Referendum FAQ_012320_Final_Burmese

## ဆန္ဒခံယူပွဲကို မည်သို့ အတည်ပြုခဲ့သနည်း။ ဆန္ဒခံယူပွဲအတွက် မဲကောက်ခံရန် မည်သည့်လုပ်ငန်းစဉ်ကို အကောင် အထည်ဖော်ခဲ့သနည်း။

ပြည်နယ်ဥပဒေအနေဖြင့် ကျောင်းဘုတ်အဖွဲ့များအား ဆန္ဒခံယူပွဲ အတွက် အတည်ပြုချက်ရယူရန်၊ ပြည်နယ်က ချမှတ်ထားသည့် ဝင်ငွေ ကန့်သတ်ချက်ထက်ကျော်လွန်ရန် နှင့် အဆောက်အဦများအတွက် ငွေချေးယူရန် ခွင့်ပြုထားပါသည်။ 2019 ခုနှစ်၊ ဇွန်လ 27 ရက်တွင် Milwaukee ကျောင်း အမှုဆောင် များဘုတ်အဖွဲ့အနေဖြင့် ဆုံးဖြတ်ချက် 1920R-004 ကိုချမှတ်ခဲ့ပြီး စီမံအုပ်ချုပ်ရေးကို သက်ဆိုင်သူများ ပါဝင်ဆောင်ရွက်နိုင်မည့် အစီအစဉ်ကို တင်ပြရန်နှင့် Milwaukee အစိုးရကျောင်းများရှိ ကျောင်းသားများ အတွက် အတွေ့အကြုံများကို မည်ကဲ့သို့ အကောင်းဆုံးတိုးတက်စေနိုင်မည့် ကိစ္စရပ်များနှင့်ပတ်သက်ပြီး ၎င်းတို့၏ အကြံပြုချက်များကို စုစည်းခဲ့ပါသည်။ ယခုကဲ့သို့သော အရေးကိစ္စရပ်များနှင့် သက်ဆိုင်သည့် အများပြည်သူ ကြားနာခြင်းအစီအစဉ်များကို မြို့တစ်ဝှမ်းလုံးရှိနေရာများတွင် ပြီးခဲ့သည့် စက်တင်ဘာလက ကျင်းပခဲ့ပြီးဖြစ်ပါသည်။

MPS ကျောင်းသား/သူများ၏ လိုအပ်ချက်များကို ဆန်းစစ်နိုင်ရန်အတွက် အသင်းအဖွဲ့လုပ်ငန်းအင်အားစု တို့ကို သတ်မှတ်ခဲ့ပြီး နိုဝင်ဘာလ နှင့် ဒီဇင် ဘာလ အတွင်း အစည်းအဝေး လေးကြိမ် ကျင်းပခဲ့ပါသည်။

အသင်းအဖွဲ့လုပ်ငန်းအင်အားစု သည် Donovan Group, LLC နှင့် ပူးပေါင်းဆောင်ရွက်ကာ ၎င်း၏ တွေ့ရှိချက်များကို ဖော်ပြထားသည့် အစီရင်ခံစာ တစ်စောင်ကို ရေးသား တင်သွင်းခဲ့ပြီး ဘုတ်အဖွဲ့၏ စဉ်းစား ဆုံးဖြတ်ချက်ဖြင့် ဆောင်ရွက်ကာ ဆက်လက်လုပ်ဆောင်ရန် အလားအလာ ရှိသည့် အဆင့်များကို ဘုတ်အဖွဲ့ထံ သတင်းပို့ခဲ့ပါသည်။ ယခုအစီရင်ခံစာကို အပြီးသတ်အတည်ပြုပြီး ဒီဇင်ဘာလတွင်ကျင်းပမည့် ၎င်း၏ လစဉ်အစည်းအဝေးမတိုင်မီ မဟာဗျူဟာစီမံကိန်းနှင့်ဘတ်ဂျက် ကော်မတီသို့ တင်သွင်းခဲ့ပါသည်။ အသင်းအဖွဲ့လုပ်ငန်းအင်အားစု၏ နောက်ဆုံးအစီရင်ခံစာကို ကြားနာ ဆွေးနွေးပြီးနောက် ကော်မတီအနေဖြင့် ဆန္ဒခံယူပွဲကျင်းပနိုင်ရန်အတွက် အရေးပေါ်လုပ်ဆောင်မှုများ ပြုလုပ်သွားရန် ညွှန်ကြားခဲ့သည်။ 2019 ခုနှစ်၊ ဒီဇင်ဘာလ 19 ရက်နေ့က ပြုလုပ်ခဲ့သည့် ပုံမှန်ဘုတ် အဖွဲ့အစည်းအဝေးတွင် Milwaukee ကျောင်းအမှုဆောင်များ ဘုတ်အဖွဲ့ အနေဖြင့် Milwaukee အစိုးရကျောင်းများအတွက် ဝင်ငွေကန့်သတ်ချက် တိုးမြှင့်နိုင်ရေး ဆန္ဒခံယူပွဲ ပြုလုပ်သွားမည့် ဆုံးဖြတ်ချက်ကို တညီတညွတ် တည်း အတည်ပြုခဲ့သည်။

## အသင်းအဖွဲ့လုပ်ငန်းအင်အားစု၏ မိတ္တူတစ်စောင်ကို မည်သည့်နေရာတွင် ရရှိနိုင်သနည်း။

အသင်းအဖွဲ့လုပ်ငန်းအင်အားစုအစီရင်ခံစာ မိတ္တူတစ်စောင် ကို mpsmke.com/referendumရှိ MPS ဆန္ဒခံယူပွဲ ဝက်ဘ် စာမျက်နာတွင် ရယူနိုင်ပါသည်။

## ဆန္ဒခံယူပွဲအနေဖြင့် အသင်းအဖွဲ့မှ မည်သို့သော ထောက်ပံ့မှု အမျိုးအစား ကို ရရှိထားသနည်း။

ကျယ်ပြန့်စွာပါဝင်သည့် အသင်းအဖွဲ့အုပ်စုများအနေဖြင် $87 မီလီယံ ဆန္ဒခံယူပွဲကို ထောက်ခံကြောင်း ထုတ်ဖော်ခဲ့ကြ သည်။ မကြာသေးခင်က ပြုလုပ်ခဲ့သည့် လူထုအမြင်စစ်တမ်းတစ်ခုက Milwaukee ဒေသခံများ၏ 60% ကျော်သည် $107 မီလီယံ အတွက် ဆန္ဒခံယူပွဲကို ထောက်ခံကြောင်း ထုတ်ဖော်ခဲ့ကြသည်။

## ဆန္ဒခံယူပွဲအနေဖြင့် မည်မျှကုန်ကျပြီး ကျွန်ုပ်အပေါ် မည်သို့ သက်ရောက် မည်နည်း။

ဆန္ဒခံယူပွဲသည် မဲဆန္ဒရှင်များအား စုစုပေါင်း $87 မီလီယံအထိ ဝင်ငွေ ကန့်သတ်ချက်ကို လေးနှစ်တာ တိုးမြှင့်ပေးရေးကို တောင်းဆိုသွားမည် ဖြစ်သည်။ အကယ်၍ သင်သည်

ပစ္စည်းဥစ္စာ ပိုင်ဆိုင်သူတစ်ဦးဖြစ်ပါက ခန့်မှန်း တွက်ချက်ထားသော အခွန်သက်ရောက်မှုသည် ခန့်မှန်းခြေအားဖြင့် $100,000 တွင် ဒေါ်လာ 160 ခန့် တန်ဖိုးရှိ ပစ္စည်းဥစ္စာ တန်ဖိုးဖြစ်သည်။

ဆိုလိုသည်မှာ ဆန္ဒခံယူပွဲ ကျင်းပပြီးပါက $150,000 တန်ဖိုးရှိသည့် အိမ်ပိုင်ဆိုင်သူသည် Milwaukee ရှိ ကျောင်းသို့ တစ်နေ့လျှင် 66 ဆင့် ထပ်မံထည့်ဝင်သွားမည်ဖြစ်သည်။

## ဝင်ငွေတိုးပွားမှုသည် လေးနှစ်ကျော်ကာလအတွင်း တဖြည်းဖြည်းချင်း လျော့နည်းသွားပါက ဤဆန္ဒခံယူပွဲကြောင့် ကျွန်ုပ်၏ပိုင်ဆိုင်မှု အခွန်သည် နှစ်စဉ်ဆက်လက်တက်နေခြင်း ရှိပါမည်လား။

မရှိပါ။ ဆန္ဒခံယူပွဲ အောင်မြင်သွားမှသာ ပိုင်ဆိုင်မှုအခွန် တစ်ကြိမ် တိုးသွား မည်ဖြစ်သည်။ ဥပမာ သင်သည် $ 100,000 တန်ဖိုးရှိသော အိမ်တစ်လုံး ပိုင်ဆိုင်ပါက ဆန္ဒခံယူပွဲကျင်းပပြီးချိန်တွင် ပထမနှစ်တွင် အိမ်ခြံမြေအခွန် ခန့်မှန်း အမေရိကန်ဒေါ်လာ 160 ခန့်နှစ်စဉ်တိုးလာမည်ဖြစ်သည်။ သို့ရာတွင် ယခုဆောင်ရွက်ချက်အရ ဆန္ဒခံယူပွဲနှင့်ဆက်စပ်ပြီး နောက်ထပ် တိုးစရာများ မရှိပါ။ ဝင်ငွေကန့်သတ်ချက်သည် ဒေသတွင်းပိုင်ဆိုင်မှု အခွန်များနှင့် ပြည်နယ် အထောက်အပံ့များ ပေါင်းစပ်ထားသည့်အတွက် MPS အနေဖြင့်
ဝင်ငွေတိုးမြှင့်မှုအတွက် နှစ် နှစ်မှ လေးနှစ်အတွင်း နောက်ထပ်သော ပြည်နယ်အထောက်အပံ့များကို ရရှိသွားမည်ဖြစ်သည်။ ရည်ရွယ်ချက်မှာ ပစ္စည်းအခွန်အပေါ်သက်ရောက်မှုကို အနည်းဆုံး ဖြစ်စေရန်နှင့် ကလေးများအတွက် ရရှိနိုင်သော အရင်းအမြစ်များကို တိုးမြှင့်ပေးသွားရန်ဖြစ်သည်။ အဆိုပါ စံနှုန်းက Whitefish Bay ရှိ ကျောင်းသား/သူ တစ်ဦးနှင့် အခြေခံရန်ပုံငွေနှင့် တူညီသည့် ပမာဏရရှိရန် ခွင့်ပြုသွားနိုင်မည်ဖြစ်သည်။

## MPS အခွန်ကန့်သတ်ချက်အား အခြားခရိုင်များနှင့် မည်သို့နှိုင်းယှဉ် သနည်း။

MPS အတွက် အခွန်ကန့်သတ်ချက်သည် အခြားခရိုင်များထက် နည်းပါသည်။ ဥပမာအားဖြင့် ယခုပညာသင်နှစ်တွင် Brown Deer ခရိုင်ကျောင်းတွင် ကျောင်းသား/သူတစ်ဦးသည် ပျမ်းမျှ တစ်နှစ်လျှင် $1,768.44 ခန့်ရရှိပြီး MPS ထက် *ပိုများ* ပါသည်။ ကျောင်းနီးစပ်ရာဖြစ်သည့် Nicolet တွင် အမေရိကန်ဒေါ်လာ 5,293.27 ခန့် ရရှိပြီး MPS ထက် ပိုများပါသည်။ ကျွန်ုပ်တို့ကျောင်းရှိ ကျောင်းသား/သူ များအနေဖြင့် အခြားခရိုင်များ၏ ကျောင်းသား/သူ များထက် လျော့နည်းနေစရာ အကြောင်းမရှိပါ။

MPS အနေဖြင့် Brown Deer ကဲ့သို့သော ဝင်ငွေအကန့်အသတ်နှင့်သာ ရှိမည်ဆိုပါက ယခုနှစ်တွင် MPS သည်အနည်းဆုံး $133 မီလီယံ ဝင်ငွေထပ်ရမည်ဖြစ်သည်။ Nicolet ၏ ကျောင်းသားရန်ပုံငွေ ရှိပါက အနည်းဆုံး $ 400 မီလီယံ ထိရရှိမည်ဖြစ်သည်။

## ဆန္ဒခံယူပွဲ မအောင်မြင်ပါက မည်သို့ဖြစ်မည်နည်း။

ဘဏ္ဍာရေး ဖြတ်တောက်မှုများ၏ သက်ရောက်မှုများကို ရပ်တန့်သွားအောင် ဆက်လက်ကြိုးပမ်းသွားမည်။ သို့သော် ကျောင်းသား/သူများ အနေဖြင့် အခြားခရိုင်ရှိ ရွယ်တူ ကျောင်းသား/သူများထက် ပညာရေးဆိုင်ရာအခွင့်အလမ်းများကို ပိုမို နည်းပါးစွာ ရရှိကြပါသည်။ ထို့ပြင် MPS ရှိ ဆရာ/ဆရာမ များနှင့် ကျောင်းဝန်ထမ်းများသည်လည်း အခြားခရိုင်များရှိ တန်းတူရာထူးများကို ပိုမိုမျှော်လင့်လာကြမည် ဖြစ်သည်။ ၎င်းက Milwaukee အစိုးရကျောင်းများရှိ ထူးချွန်သည့် ပညာတတ်ပုဂ္ဂိုလ် များက အခြားသော Wisconsin ကျောင်းခရိုင်များသို့ အရေအတွက် များစွာ ကူးပြောင်းသွားကြ ခြင်းများ ရှိလာနိုင်မည်ဖြစ်သည်။

လိုအပ်သည့် ရန်ပုံငွေ မရှိနိုင်ဘဲ MPS အနေဖြင့် ဂီတ နှင့် အစောပိုင်း ကလေးဘဝ ပညာရေး အရည်အသွေးများ စသည့် ဦးနောက်လှုံ့ဆော်ရေး နှင့် အောင်မြင်မှု တိုးမြှင့်ရေးတို့တွင် အခြားသော ခရိုင်များထက် များစွာ နောက်ကျကျန်ရစ်မည်ဟု လေ့လာတွေ့ရှိရပါသည်။

ကျောင်းရှိ မိသားစုဝင်များဝင်များ၊ ဆရာ/ဆရာမများ နှင့် အခြား ကျွမ်းကျင် ဝန်ထမ်းများသည် ကျွန်ုပ်တို့၏ ကျောင်းသား/သူများအတွက် အရေးကြီးသော အခန်းကဏ္ဍတွင် ပါဝင်လျက်ရှိပါသည်။ သို့သော် နောက်ထပ်သော ရန်ပုံငွေ မပါဘဲ ထူးချွန်သည့် စိတ်ပညာရှင်များ၊ ကုထုံးပညာရှင်များ၊ လူမှုရေးလုပ်သားများ၊ သူနာပြုများ၊ အကြံပေးများနှင့် လုံခြုံရေးဝန်ထမ်းများ စသည့်ပုဂ္ဂိုလ်တို့ကို ရှာဖွေရန်နှင့်ထိန်းသိမ်းထားရန် မှာ စိန်ခေါ်မှုတစ်ခုကဲ့သို့ ဖြစ်နေပါသည်။

ကောလိပ်နှင့် အသက်မွေးပညာ တိုးတက်မှု အပါအဝင် အခြားအစီအစဉ် များအနေဖြင့် အခက်အခဲတွေ့နိုင်ပါသည်။ ထို့ပြင် ဝန်ထမ်းခန့်ထားခြင်းနှင့် အစီအစဉ် ရေးဆွဲခြင်းတို့တွင် အခြားသော လျှော့ချမှုများ လုပ်ဆောင်လာရဖွယ်ရှိနိုင်ပါသည်။

## ယခု ကုန်ကျစရိတ်များကို လျှော့ချရန်အတွက် MPS အနေဖြင့် မည်သည် တို့ကို လုပ်ဆောင်နေခြင်းရှိပါသနည်း။

MPS က လက်ခံရရှိသည့် ဒေါ်လာ တစ်ဒေါ်လာ လျှင် 90 ဆင့်အား စာသင်ခန်းအတွက် အသုံးပြုပါသည်။ လွန်ခဲ့သည့် နှစ်ပေါင်း 20 က ခရိုင်အနေဖြင့် ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျစရိတ်လျှော့ချခံခဲ့ရသည်။ စီးပွားရေးလုပ်ငန်းတစ်ခုကဲ့သို့ပင် MPS သည်လည်း ကျောင်းအတွက် ပြုလုပ်ခဲ့သည့် အခွန်ထမ်းရင်းနှီးမြှုပ်နှံမှုများထဲမှ အကျိုးအမြတ် ပြန်လည် ရရှိလာအော င် ဆောင်ရွက်ရပါသည်။

သို့သော်လည်း အကျိုးအမြတ်မဖြစ်သော ထုတ်ကုန် သို့မဟုတ် ဝန်ဆောင် မှုကို ဖယ်ရှားလို့ရနိုင်သော စီးပွားရေးလုပ်ငန်းမျိုးနှင့်မတူဘဲ ကျောင်းခရိုင် အနေဖြင့် ကျောင်းသား/သူများအတွက် ဝန်ဆောင်ထားသော အခြေခံပညာရေး ကမ်းလှမ်းချက်များကို ဖယ်ရှားပစ်လို့ မရနိုင်ပါ။

## ယခု ရံပုံငွေကို မည်သို့ သုံးစွဲသွားမည်နည်း။ ယခု အစီအစဉ်သည် ဆရာ/ဆရာမများ နှင့် စီမံအုပ်ချုပ်သူများ၏ လုပ်ခ လစာ တိုးမြင့်လာစေမည့် ဆန္ဒခံယူပွဲတစ်ခု ဖြစ်ပါသလား။

ဆန္ဒခံယူပွဲ အောင်မြင်ခဲ့ပါက ထပ်တိုးရန်ပုံငွေသည် MPS အတွက် အရည်အသွေးမြင့်မားပြီး အသိအမှတ်ပြုထားသော ဆရာ/ဆရာမ များကို ဆွဲဆောင်ရန် နှင့်ထိန်းသိမ်းရန် အကူအညီဖြစ်နိုင်ပြီး အသက်မွေးဝမ်း ကြောင်းနှင့် နည်းပညာဆိုင်ရာ ပညာရေးအစီအစဉ်များ ပိုမို ပေးအပ်နိုင် သည့်အပြင် အနုပညာ၊ ဂီတ၊ ကာယပညာနှင့် ဘာသာစကား အစီအစဉ်များကိုချဲ့ထွင်သွားနိုင်မည်ဖြစ်သည်။

ဘတ်ဂျက်ခွဲဝေချထားပေးမှုများ အားလုံးကို အများပြည်သူ၏ ထောက်ခံမှုဖြင့် အတည်ပြုထားသော Milwaukee ကျောင်းအမှုဆောင်များ ဘုတ်အဖွဲ့က အတည်ပြုသွားမည်ဖြစ်သည်။

## ရန်ပုံငွေဆိုင်ရာ တာဝန်ယူမှု နှင့် ပွင့်လင်းမြင်သာမှုတို့အတွက် MPS က မည်သို့ဆောင်ရွက်ထားပြီး အသုံးစရိတ်ကျော်လွန်ခြင်းတို့ကို MPS က မည်သို့ တားဆီးသွားမည်နည်း။

ပွင့်လင်းမြင်သာမှုနှင့် တာဝန်ခံမှုသည် အလွန်အရေးကြီးကြောင်း Milwaukee အစိုးရကျောင်းများအနေဖြင့် သိရှိနားလည်ထားပြီး ၎င်းနှင့် ပတ်သက်ပြီး ကျွန်ုပ်တို့၏ နှစ်စဉ် စာရင်းစစ်ဆောင်ရွက်သွားကာ ပြည့်စုံ သည့် နှစ်ပတ်လည် ဘဏ္ဍာရေး အစီရင်ခံစာတစ်စောင်ကို စာရင်းစစ် သူများ၏ ဖော်ပြချက်နှင့်အတူ ထုတ်ပြန်သွား မည်ဖြစ်သည်။ Milwaukee အစိုးရကျောင်းများအနေဖြင့် အစိုးရ ဘဏ္ဍာရေးမှူးများအသင်း က ပေးအပ်သည့် သူမတူပြည့်စုံသည့် ဘဏ္ဍာရေး အစီရင်ခံစာ အသိအမှတ် ပြု ဂုဏ်ပြုလွှာကို နှစ်စဉ် လက်ခံရရှိထားပါသည်။

MPS အနေဖြင့် ၎င်း၏ အဆိုပြု ဘတ်ဂျက်ကို ဧပြီလကုန်ပိုင်းတွင် တင်သွင်းလေ့ရှိပါသည်။ အဆိုပြုဘတ်ဂျက်တွင် တစ်ဦးချင်းအလိုက် ဘတ်ဂျက်အစီရင်ခံမှု ပါဝင်ပါ သည်။ Milwaukee ကျောင်း အမှုဆောင်များဘုတ်အဖွဲ့ အစည်းအဝေးများ အနေဖြင့် အများပြည်သူ ထောက်ပံ့မှုအား ခွင့်ပြုခြင်း နှင့် နောက်ဆုံး အဆိုပြု ဘတ်ဂျက်ကို ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပါသည်။

Wisconsin ပေါ်လစီ ဖိုရမ်အနေဖြင့် MPS ၏ ဘတ်ဂျက်ကို အများပြည်သူ ဆန်းစစ်မှုပြုလုပ်နိုင်ရေး ရည်ရွယ်ချက်ဖြင့် နှစ်စဉ် ဆန်းစစ် ထုတ်ပြန်ပေးပါသည်။

ဘဏ္ဍာရေးစီမံကိန်းနှင့် ဘတ်ဂျက်ဆိုင်ရာ ဝန်ဆောင်မှုများမှ ရရှိသော အစီရင်ခံစာများကို အသုံးပြု၍ ဌာနများနှင့် ကျောင်းများအတွက် ဘတ်ဂျက်နှင့် အသုံးစရိတ်ကို ပြန်လည်သုံးသပ်ခြင်းများအား လစဉ်ပြုလုပ် ပါသည်။ ထို့ပြင် Milwaukee ကျောင်းအမှုဆောင်များ ဘုတ်အဖွဲ့သည် ဘဏ္ဍာရေး လည်ပတ်မှုဆိုင်ရာ ပွင့်လင်းမြင်သာမှု၊ ကြီးကြပ်မှု နှင့် တာဝန်ခံမှုတို့ကို တိုးမြှင့်နိုင်ရန်အတွက် တာဝန်ခံမှုနှင့် ထိရောက်မှုဆိုင်ရာရုံး (OAE) ကို 2010 ပြည့်နှစ်က တည်ထောင်ခဲ့သည်။

တာဝန်ခံမှုအား အကြွေးအဆင့်သတ်မှတ်ချက်များဖြင့် တိုင်းတာနိုင်ပါသည်။ Milwaukee မြို့သည် အခန်း 67 နှင့် 119 တွင် ဖော်ပြထားသည့် Wisconsin ပြည်နယ် ပြဌာန်းချက်များအရ မြူနီစီပယ် တာဝန်ဝတ္တရားများကို ကျောင်း နှင့်ပတ်သက်သည့် ရည်ရွယ်ချက်များအတွက် ထုတ်ပြန်ရန် အခွင့်အာဏာ ရှိသည်။ ကာလတိုဖြစ်စေ၊ ရေရှည်ဖြစ်စေ အကြွေးထုတ်ပေးခြင်းများ အားလုံးကို MBSD က အတည်ပြုသည်။ Milwaukee မြို့အနေဖြင့် အဓိက အေဂျင်စီ သုံးခုထံမှ အရည်သွေးမြင့် သဘောတူညီချက် စံနှုန်းသတ်မှတ်ချက်များကို ထိန်းသိမ်းသွားရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ဤအချက်သည် ခရိုင်၏ ဘဏ္ဍာရေး စီမံခန့်ခွဲမှုအပေါ် ကောင်းမွန်သော ပြန်လည်သုံးသပ်မှုများနှင့်အတူ ကုန်ကျစရိတ် အနည်းဆုံးဖြစ်စေမည့် ယှဉ်ပြိုင်မှုနှုန်းဖြင့် ချေးယူမှုကို ခွင့်ပြုပါသည်။ လင့်ခ်အနေဖြင့် ကိစ္စရပ်များအားလုံးအတွက် စံနှုန်းပေးသည့် အေဂျင်စီများ၏ လက်ရှိ သဘောတူထားသည့် အမြင့်ဆုံးစံနှုန်း ကို ပေးထားပါသည်။

## ဆန္ဒခံယူပွဲအနေဖြင့် မဲအပေါ် မည်သို့ အလုပ်ဖြစ်မည်နည်း။

အောက်ပါတို့ကို 2020 ပြည့်နှစ်၊ ဧပြီလ 7 ရက်တွင် သုံးစွဲသွားမည် ဖြစ်ပါသည်။

**"Milwaukee အစိုးရကျောင်းများ၊ Milwaukee နှင့် ဝါရှင်တန်ကောင်တီ များ၊ Wisconsin စသည်တို့အနေဖြင့် Wisconsin ပဋိညာဉ်၏ ပုဒ်မ 121.91 တွင် ပြဌာန်းထားသည့်အတိုင်း 2020-2021 ပညာသင်နှစ်အတွက် ကန့်သတ်အခွန်ငွေ $ 57 မီလီယံ၊ 2021-2022 ပညာသင်နှစ်အတွက် ထပ်တိုး $20 မီလီယံ၊ 2022-2023 ပညာသင်နှစ်အတွက် ထပ်တိုး $7 မီလီယံနှင့် 2023-2024 ပညာသင်နှစ်အတွက် ထပ်တိုး $3 မီလီယံ (စုစုပေါင်း $87 မီလီယံ) ထက်ကျော်လွန်ရန်နှင့် အသက်မွေးဝမ်းကျောင်းမှု နှင့် နည်းပညာဆိုင်ရာ ပညာရေးအစီအစဉ် များကို ကမ်းလှမ်းခြင်း၊ အသိအမှတ်ပြု ပညာရှင်များကို ဆွဲဆောင် ထိန်းသိမ်းခြင်း နှင့် ဂီတ၊ ကာယပညာနှင့် ဘာသာစကား အစီအစဉ်များကို တိုးချဲ့ခြင်း စသည်တို့ အပါအဝင် ပညာရေးအစီအစဉ်များကို ရေရှည်ဖွံ့ဖြိုး တိုးတက်စေခြင်းနှင့် ချဲ့ထွင်ခြင်း တို့အတွက် အခွင့်အာဏာ ရှိပါသလား။"**

## ဝါရှင်တန်ကောင်တီအနေဖြင့် မဲမေးခွန်း ကို အဘယ်ကြောင့် စာရင်းပြခဲ့သနည်း။

Milwaukee နှင့် ဝါရှင်တန်ကောင်တီများအား မဲမွေးခွန်းများတွင် စာရင်းပြထားပါသည် အဘယ်ကြောင့်ဆိုသော် Milwaukee မြို့အနေဖြင့် ခရိုင်နှစ်ခုလုံးတွင် Milwaukee အစိုးရကျောင်းများ၏ ကိုယ်စား အခွန် ပေးဆောင်သောမြေများရှိသည့်အတွက်ကြောင့် ဖြစ်သည်။ Milwaukee မြို့အနေဖြင့် Waukesha ကောင်တီတွင် မြေများရှိသော် လည်း ၎င်းတို့အနေဖြင့် Milwaukee အစိုးရကျောင်းများအစား အခွန်ပေး ဆောင်ခြင်းများ မရှိပါ။

ဝါရှင်တန်ကောင်တီတွင် မြို့၏ မြေတွင်ရှိသည့်အပြင် Milwaukee မြို့၏ ထဲတွင်လည်းရှိသော မြို့၏အနောက်မြောက်ဘက်ထောင့်ရှိ လူပသော တြိဂံပုံမြေကွက်တစ်ကွက်သာရှိပြီး စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုအတွက် ဖြစ်ပါသည်။ ထို့ကြောင့် ဝါရှင်တန်ကောင်တီအတွင်း နေထိုင်သူမရှိသော်လည်း ဝါရှင်တန်ကောင်တီကို Milwaukee အစိုးရကျောင်းများ ကိုယ်စား အခွန်ကောက်ခံမည်ဖြစ်သည့်အတွက် ရှင်းရှင်းလင်းလင်းရှိစေရန် မဲစာရင်းသွင်းဖို့ လိုခြင်း ဖြစ်ပါသည်။

## ကျွန်ုပ်အနေဖြင့် မည်သည့်အချိန်၊ မည်သည့်နေရာတွင် မည်သို့ မဲပေးရမည်နည်း။

မဲကောက်ယူမှုကို 2020 ပြည့်နှစ်၊ ဧပြီလ 7 ရက် (အင်္ဂါနေ့) နံနက် 7:00 နာရီတွင် ဖွင့်လှစ်မည်ဖြစ်ပြီး ည 8:00 နာရီတွင် ပိတ်မည်ဖြစ်သည်။

ပျက်ကွက်ဆန္ဒမဲဖြင့် ဆန္ဒမဲပေးလိုပါက မဲဆန္ဒရှင်များသည် 2020 ပြည့်နှစ်၊ မတ်လ 18 ရက် (စာတိုက်မှဖြစ်စေ သို့မဟုတ် အွန်လိုင်းဖြင့်ဖြစ်စေ မှတ်ပုံတင်ပါက) ထက်နောက်မကျဘဲ သို့မဟုတ် (စည်ပင်သာယာရုံး ဝန်ထမ်းထံ လူကိုယ်တိုင် မှတ်ပုံတင်ပါက) 2020 ပြည့်နှစ်၊ ဧပြီလ 3 ရက်၊ ညနေ 5:00 နာရီထက် နောက်မကျဘဲ ပေးသွင်းရမည်ဖြစ်သည်။

ပျက်ကွက်သော ဆန္ဒမဲပေးစာကို အီးမေးလ်ဖြင့်ပေးပို့ရန် နောက်ဆုံးနေ့မှာ 2020 ပြည့်နှစ်၊ ပြီလ 7 ရက်၊ ည 8:00 နာရီဖြစ်ပြီး လူကိုယ်တိုင် ဆန္ဒမဲ ပေးရမည့် နောက်ဆုံးနေ့မှာ 2020 ပြည့်နှစ်၊ ဧပြီလ 5 ရက်နေ့ ဖြစ်သည်။ လူကိုယ်တိုင် ပျက်ကွက်မဲ စာရင်းပေးသွင်းရန် အချိန်သတ်မှတ်ချက် အပြောင်းအလဲအတွက် သိရှိလိုပါက သင်၏ စည်ပင်သာယာရုံးဝန်ထမ်းထံ ဆက်သွယ်ပါ။

မဲပေးရန်မှတ်ပုံတင်ခြင်း၊ မဲပေးရမည့်နေရာ သို့မဟုတ် ပျက်ကွက်မဲစာရင်းတို့နှင့်ပတ်သက်ပြီး သိရှိလိုပါ က ကျေးဇူးပြုပြီး My Vote Wisconsinတွင် ဝင်ရောက်လေ့ လာပါ။

## နောက်ထပ်သိရှိလိုသည်များအတွက် မည်သူထံ ဆက်သွယ်နိုင်သနည်း။

မည်သည့်နောက်ဆက်တွဲအကြံပြုချက်များနှင့် မေးခွန်းများ အတွက်ကိုမဆို feedback@milwaukee.k12.wi.us တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။